**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝး၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၆၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၂.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝး၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝး၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၀၃။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၂၂-၆-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးစောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ တိုင်းရင်းသားအခွင့်အရေး နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အာမကတိကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသွားရောက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး (ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်းနှင့် ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃၀)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၂၇)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၅၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာပန်ကြား တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၅၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီး များနှင့် စီးပွားရေးစာချုပ်များချုပ်ဆိုရာတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်၌ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာနည်းပညာများအား လွှဲပြောင်းပေးရန်ဆိုသည့် အချက်ပါရှိခြင်း ရှိ/မရှိနှင့် မပါရှိပါက အနာဂတ်တွင် ချုပ်ဆိုသောစာချုပ်များ၌ ယင်းအချက်ကိုထည့်သွင်းရန် အစီအစဉ် ရှိ/မရှိတို့နှင့်စပ်လျဉ်း သည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　　။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်က မြန်မာနိုင်ငံတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတကာကော်ပိုရေးရှင်း ကြီးများနှင့် စီးပွားရေးစာချုပ်များ ချုပ်ဆိုရာတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်၌ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာ နည်းပညာများအား လွှဲပြောင်းပေးရန်ဆိုသည့်အချက် ပါရှိခြင်း ရှိ/မရှိနှင့် မပါရှိပါ က အနာဂတ်တွင် ချုပ်ဆိုသော စာချုပ်များ၌ ယင်းအချက်ကို ထည့်သွင်းရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။　　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်တော်တို့ ကြွရောက်ကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံ ကြတဲ့ နိုင်ငံခြားကုမ္ပဏီတွေ၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီးတွေနှင့် စီးပွားရေးစာချုပ်တွေ ချုပ်ဆိုရာမှာ စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာ နည်းပညာတွေကို လွှဲပြောင်း ပေးဖို့ဆိုတဲ့အချက်ပါရှိခြင်း ရှိ/မရှိနှင့် တကယ်လို့ မပါရှိလို့ရှိရင် အနာဂတ်မှာ ချုပ်ဆိုတဲ့ စာချုပ်တွေမှာ အဲဒီအချက်ကို ထည့်သွင်းဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ သဘာဝသယံဇာတတွေပေါများတဲ့ နိုင်ငံဖြစ် ပါတယ်။ သစ်တောသယံဇာတတွေ၊ သတ္တုသယံဇာတတွေ၊ နောက်ပြီးတော့ ရေနံ၊ ဓာတ်ငွေ့ စတဲ့ သယံဇာတတွေပေါများတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ အဲဒီလို သယံဇာတတွေ

ပေါ်များပေမယ့် နည်းပညာအားနည်းတဲ့အတွက်၊ နည်းပညာမရှိတဲ့အတွက် တစ်လျှောက်လုံးမှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာအတွင်းမှာ ကျွန်တော်တို့က နိုင်ငံခြားကုမ္ပဏီကြီးတွေ၊ ကော်ပိုရေးရှင်းကြီးတွေနဲ့ စာချုပ်တွေ ချုပ်ဆိုပြီးတော့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ဒါမှမဟုတ် အကျိုးတူပူးပေါင်းမှုတွေ လုပ်ပြီးတော့ ကျွန်တော်တို့ရဲ့ သယံဇာတတွေကို ထုတ်လုပ်ခွင့်ပေးနေရပါတယ်။ ပေးခဲ့ရပါတယ်။ ရောင်းချနေရပါတယ်။ အဲဒီတော့ အဲလိုဖြစ်တဲ့အတွက် ကျွန်တော်တို့တိုင်းပြည်မှာ ရေရှည်ပေါ့လေ၊ ကျွန်တော်တို့ လာပြီးရင်းနှီးမြှုပ်နှံကြတာတွေလည်းရှိတယ်။ ဥပမာ သတ္တုဆိုလို့ရှိရင် ကျွန်တော်တို့ ကြေးနီစီမံကိန်းတွေ အမျိုးမျိုးလာပြီး ရင်းနှီးမြှုပ်နှံကြတယ်။ နောက်ပြီးတော့ ကမ်းလွန်ရေနံတွေမှာ ရင်းနှီးမြှုပ်နှံကြတယ်။ ဒါပေမဲ့ အဲဒီကုမ္ပဏီကြီးတွေပြန်သွားကြတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာ သတ္တုလုပ်ငန်းတွေဆိုလို့ရှိရင်လည်း နှစ်စေ့လို့ စာချုပ်သက်တမ်းကုန်ဆုံးလို့ ပြန်သွားတဲ့အခါမှာ ယာဉ်အပျက်တွေ၊ ယန္တရားအပျက်တွေ၊ မြေစာပုံတွေပဲ ကျန်ခဲ့တယ်။ ဘာတွေရှိပြီးတော့ ဘာတွေ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ရတာကတော့ ရပါတယ်။ ကျွန်တော်တို့ ခိုင်ကြေးတွေရတယ်။ နောက်အမြတ်ဝေစုတွေ ရမယ်။ အခွန်တွေရမယ်။ ဒီလောက်ရပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံမှာ တောင်တစ်လုံးပြီး တစ်လုံးပျောက်သွားပေမယ့် ကျွန်တော်တို့ နည်းပညာပိုင်းမှာ ဘယ်လောက်အထိရခဲ့ခြင်းရှိ/မရှိ ဆိုတာကို မသိရပါဘူး။

အဲဒီတော့ ကျွန်တော်တို့ ကုန်ကြမ်းပဲ ရောင်းတဲ့အဆင့်မျိုးဆိုလို့ရှိရင်တော့ အဲဒီတိုင်းပြည်တစ်ပြည်ဟာ ဘယ်တော့မှ မတိုးတက်နိုင်ပါဘူး။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံမဖြစ်နိုင်ပါဘူး။ အဲဒီတော့ အရေးကြီးတာက ဒီလို နည်းပညာဖွံ့ဖြိုးတိုးတက်တဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ နည်းပညာတွေရဖို့လိုပါတယ်။ ခေတ်မီနည်းပညာတွေရှိဖို့လိုပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံခြားကုမ္ပဏီကြီးတွေနဲ့ ဒီလိုအကျိုးတူပူးပေါင်း၍ဖြစ်စေ၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံလို့ဖြစ်စေ စာချုပ်ချုပ်တဲ့အခါမှာ ကျွန်တော် ဖြစ်စေချင်တာကတော့ နည်းပညာကိုပါ ရယူစေချင်ပါတယ်။ ဒီကုမ္ပဏီကြီးတွေဆီက၊ စာချုပ်စာတမ်းပြည့်တဲ့အခါမှာ ပြည့်တာနဲ့ ကျွန်တော်တို့ သူတို့ရဲ့ နည်းပညာတွေအားလုံးကို ကျွန်တော်တို့ လွှဲပြောင်းပေးလို့ရှိရင် နောင်တစ်ချိန်မှာ သယံဇာတတွေ ကိုယ်တိုင်ထုတ်လုပ်နိုင်ဖို့ လိုပါတယ်။ ကိုယ်တိုင်ထုတ်လုပ်ခြင်းအားဖြင့်လည်း ကျွန်တော်တို့ ဈေးကွက်မှာ အကျိုးအမြတ်အများကြီးရနိုင်ပါတယ်။ အခုကတော့ ဒီကုမ္ပဏီတွေနဲ့ထုတ်တဲ့အတွက် ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် အကျိုးအမြတ်က အများကြီးနည်းနိုင်ပါတယ်။ သူတို့ပြောသလောက်ပဲ ကမ္ဘာ့ပေါက်ဈေးမှာလည်း သူတို့သတ်မှတ်သလောက်ပဲ အဲဒီလိုတောင်မှ ရှိနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ နည်းပညာရရေးဟာ ကျွန်တော်တို့အတွက် သိပ်အရေးကြီးပါတယ်။

နောက်ပြီးတော့ သတ္တုတွင်းလုပ်ငန်းတွေဆိုရင် အထူးသဖြင့် ဘာသတ္တုတွေ ထွက်နေတယ်ဆိုတာလည်း ကျွန်တော်တို့ သိဖို့လိုပါတယ်။ Rare Earth တွေရှိနေသလား၊ သူတို့ပြောတဲ့ သတ္တုတွေမဟုတ်ဘဲနဲ့ တခြားသတ္တုတွေလည်းထွက်နေသလားဆိုတာ သိဖို့လိုပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တဲ့အခါမှာဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူပူးပေါင်း၍ လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံခြားကုမ္ပဏီတွေ၊ နိုင်ငံခြားကော်ပိုရေးရှင်းကြီးတွေနဲ့ စီးပွားရေးစာချုပ်များ ချုပ်ဆိုရာမှာ စာချုပ်သက်တမ်း

ကုန်ဆုံးချိန်မှာ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာ နည်းပညာတွေကို လွှဲပြောင်းပေးဖို့အချက် ပါရှိ/မရှိနဲ့ တကယ်လို့မရှိရင် အနာဂတ်မှာ ချုပ်ဆိုတဲ့ စာချုပ်တွေမှာ အဲဒီအချက်ကို ထည့်သွင်းဖို့ အစီအစဉ် ရှိ/မရှိဆိုတာကို ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးခွန်း မေးရခြင်း ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပတ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပတ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပတ်မြို့ဟာ တမူး-ကလေး-ကလေးဝ(မြန်မာ-အိန္ဒိယချစ်ကြည်ရေး) လမ်းမကြီးပေါ်မှာ တည်ရှိပြီးတော့ ချင်း၊ ဗမာနဲ့ အခြား တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ လူဦးရေ (၃၇၀၀၀)ကျော်နေထိုင်ပြီး တမူးမြို့၊ ကလေးမြို့တို့နဲ့ ရောင်းဝယ်ဖောက်ကား ကူးလူးဆက်ဆံနေတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ခမ်းပတ်မြို့ဟာ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်ထဲမှာရှိတဲ့ ကျေးရွာအချို့ရဲ့ ဒေသခံပြည်သူများရဲ့ လူမှု စီးပွားကိစ္စများ ဆက်သွယ်ဆောင်ရွက်ရာ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ တမူးခရိုင်ရဲ့ အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာ ဒေသကြီးတစ်ခုလည်း ဖြစ်ပါတယ်။

ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ ရင်သွေးငယ်များ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မကွေး၊ ပျဉ်းမနား၊ စစ်ကိုင်းစတဲ့ ဝိဇ္ဇာ၊ သိပ္ပံနဲ့ အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်တွေမှာ ပညာသင်ကြား နေကြပြီး စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ လူငယ်များ လည်း အများအပြား ရှိနေပါတယ်။ ၎င်းတို့နဲ့ သက်ဆိုင်တဲ့ ငွေပေးငွေယူငွေလွှဲလုပ်ငန်းများနှင့် ရောင်းဝယ်ဖောက်ကားမှုများအတွက် တမူးမြို့နဲ့ ကလေးမြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)၊ အခြား ပုဂ္ဂလိကဘဏ်(ခွဲ)များနဲ့ ဆက်သွယ်ဆောင်ရွက်နေရလို့ အချိန်နှင့် ခရီးစရိတ် ပိုမိုကုန်ကျမှုများ ရှိနေပါတယ်။

ခမ်းပတ်မြို့ပေါ်မှာ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးနိုင်ပါက ဒေသခံ ပြည်သူများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပတ်မြို့ပေါ်မှာ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ဆမီးမြို့ဟာ တစ်ချိန်က မြို့ပိုင်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ပြီး ဆမီးဒေသတစ်ခုလုံးအတွက် ဝန်ထမ်းလစာများကိုလည်း ဆမီးမြို့ပေါ်တွင် ထုတ်ယူနိုင်အောင် သက်ဆိုင်ရာဌာန၊ အစိုးရမှ စီစဉ်ဆောင်ရွက်ကြောင်း သိရှိခဲ့ရပါတယ်။ မြို့ပိုင်ရုံးကို ဖျက်သိမ်းပြီးနောက်ပိုင်းတွင် အုပ်စုကျေးရွာအဆင့်သာ ထားရှိသောကြောင့် ဆမီးဒေသတစ်ခုလုံးရှိဝန်ထမ်းများဟာ ရက်ပေါင်းများစွာခရီးဆက်ရပြီး ပလက်ဝမြို့ပေါ်တွင် ယနေ့အထိ သွားရောက်လစာထုတ်ယူနေကြရပါတယ်။ ဆမီးဒေသရှိ မိဘပြည်သူများသည် ငွေထုတ်ငွေလွှဲများရှိပါကလည်း ငွေကုန်၊ လူပန်း ခက်ခဲစွာ ပလက်ဝမြို့ပေါ်နဲ့ တခြားသော မြို့များသို့ သွားရောက်ခဲ့ရပါတယ်။ ပြည်တွင်းပြည်ပရှိ မိဘပြည်သူများသည်လည်း ငွေထုတ်၊ ငွေလွှဲများ လွှဲရာတွင် ဆမီးမြို့ပေါ်တွင် မရှိသည့်အတွက်ကြောင့် တခြားနေရာသို့ သွားရောက်ပြီး ငွေထုတ်၊ ငွေလွှဲများ ပြုလုပ်ခဲ့ရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးကျေးရွာအုပ်စုမှ ဆမီးမြို့နယ်ခွဲအဖြစ် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီး ဆမီးမြို့အဖြစ် ရပ်ကွက်(၃)ခုဖြင့် စုစည်းကာ လူဦးရေ(၃၀၀၀)ကျော် မြို့ပေါ်တွင် ပြည်သူများ နေထိုင်ကြပြီး ဖြစ်ပါတယ်။ မကြာမီအတွင်း လူဦးရေ ဒီထက်မက မြို့ပေါ်တွင် ပြောင်းရွှေ့နေထိုင်ကြမည်လို့ မျှော်လင့်ပါတယ်။ ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) ဖွင့်လှစ်ပေးပါက အုပ်စုပေါင်း (၃၉)အုပ်စုနဲ့ ရပ်ကွက်(၃)ခုရှိ ဝန်ထမ်းများနဲ့ တခြားသော ပြည်သူများ လူဦးရေ(၃၀၀၀၀)ကျော်သော ပြည်သူများအတွက် အကျိုးရှိမည်ဖြစ်ပါတယ်။ ကားလမ်းဖောက်လုပ်ပေးပါက ပလက်ဝမြို့နယ်၏ အရှေ့တောင်ဘက်ခြမ်းရှိ ပြည်သူများလည်း ဆမီးမြို့ပေါ်သို့ လွယ်ကူစွာ လာရောက်ပြီး ငွေထုတ်ယူနိုင်မည်ဖြစ်ပါတယ်။ ပင်စင်စား သက်ကြီးရွယ်အိုများသည်လည်း အချိန်ကုန်၊ ခရီးပန်းသက်သာပြီး ငွေများကို လွယ်ကူစွာ ထုတ်ယူနိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)အား တိုးချဲ့ဖွင့်လှစ်ပါက ရုံးတည်ဆောက်ရန်နေရာလည်း လျာထားပြီးဖြစ်ပါကြောင်းနဲ့ မြေနေရာ လုံလောက်စွာ ရှိပါကြောင်း ပြည်သူများကိုယ်စား တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့ဟာ ပလက်ဝမြို့နှင့် မိုင်ပေါင်း(၃၅)မိုင်၊ မတူပီမြို့နှင့် မိုင်ပေါင်း (၁၀၀)ကျော် ကွာဝေးသော မြို့ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်(ခွဲ)အား နိုင်ငံတော်မှ ဖွင့်လှစ်ပေးပါရန် ဝေးလံပြီး သွားလာရန်ခက်ခဲသော တောင်ပေါ်နေ တိုင်းရင်းသားပြည်သူများကိုယ်စား အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥပဒေနှင့်အညီ အခွန်ကောက်ခံရာတွင် အခွန်အပြည့်အဝ ရရှိနိုင်ရန်နှင့် အခွန်ရှောင်ရှားမှုများ၊ အခွန်ယိုဖိတ်မှုများ လျော့နည်းစေရန် ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များ၊ စီမံချက်များ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယွားဖောင်အွာက ဥပဒေနှင့်အညီ အခွန်ကောက်ခံရာတွင် အခွန်အပြည့်အဝ ရရှိနိုင်ရန်နှင့် အခွန် ရှောင်ရှားမှုများ၊ အခွန် ယိုဖိတ်မှုများ လျော့နည်းစေရန် ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များ၊ စီမံချက်များ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးစောယွားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကြီးတစ်ရပ်လုံးကို၊ မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယွားဖောင်အွာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ အခွန်ကောက်ခံရာတွင် အခွန်အပြည့်အဝ ရရှိစေရန်နှင့် အခွန်ရှောင်ရှားမှုများ၊ အခွန်ယိုဖိတ်မှုများ လျော့နည်းစေရန် ပြည်ထောင်စုအစိုးရအနေဖြင့် လုပ်ငန်းစဉ်များ၊ စီမံချက်များ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဦးစွာမေးခွန်းမေးရခြင်း ရည်ရွယ်ချက်ကို တင်ပြပါမယ်။ အခွန်အပြည့်အဝရရှိစေရန်၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် အာမခံချက်ရှိစေရန်နှင့် အကျင့်ပျက်ခြစားမှုများ လျော့နည်းစေရန် ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်အကောက်ဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးကုန်ကျစရိတ်များအတွက် နိုင်ငံသူ၊ နိုင်ငံသားများက ဥပဒေအရသတ်မှတ်ထားသည့် ကြေးငွေကို နည်းလမ်းအတိုင်းပေးဆောင်ရခြင်း လည်းဖြစ်ပါတယ်။ အခွန်အကောက်အဖြစ် ရရှိသော အခွန်များကိုလည်း နိုင်ငံအုပ်ချုပ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကာကွယ်ရေးစသောကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူလူထု ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အစိုးရက ကောက်ခံသော အခကြေးငွေလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အခွန်အကောက်များကို ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ကောက်ခံလျက်ရှိပါတယ်။ သို့ပါသော်လည်း ဘဏ္ဍာနှစ်အလိုက် အခွန်အပြည့်အဝ မရှိသည်ကို ပြည်ထောင်စုအခွန်ရငွေ အစီရင်ခံစာများတွင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အခွန်အကောက်များပြည့်ဝစွာ မရရှိခြင်းမှာ အခွန်ရှောင်ရှားခြင်း၊ အခွန်ယိုဖိတ်ခြင်းနှင့် မြေပြင်အနေအထား အခြေအနေများ၊ ကွင်းဆင်းဆောင်ရွက်မှု အားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ နိုင်ငံသူ၊ နိုင်ငံသားများက အခွန်အကောက် ပေးသွင်းသော်လည်း တရားဝင်မဖြစ်ခြင်း၊ စည်းကြပ်မှုအားနည်းခြင်းတို့ကြောင့် ဖြစ်ကြပါတယ်။ အခွန်အကောက်ပေးသွင်းသော်လည်း တရားမဝင်မှုများသည် အခွန်ယိုဖိတ်မှုများ ဖြစ်ပေါ်စေပါတယ်။ အခွန်ယိုဖိတ်မှုများကြောင့် အခွန်ငွေများစွာ နစ်နာဆုံးရှုံးရပါတယ်။ ထို့အပြင် အောက်ခြေဝန်ထမ်းများရဲ့ အကျင့်စာရိတ္တများလည်း ပျက်စီးလာနိုင်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားများမှာလည်း တရားမဝင်သည်ကို တရားဝင်သည်ဟုလည်း ထင်မှားလာနိုင်ပါတယ်။

သို့ပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံသူ၊ နိုင်ငံသားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ အခွန်ကောက်ခံရာတွင် အခွန်အပြည့်အဝရရှိနိုင်ရန်နှင့် အခွန်ရှောင်ရှားမှုများ၊ အခွန်ယိုဖိတ်မှုများ လျော့နည်းစေရန် ပြည်ထောင်စုအစိုးရအနေဖြင့်လုပ်ငန်းစဉ်များ၊ စီမံချက်များစီစဉ်ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ပြည်သူအများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်းကို ပညာရေးအတွက် မည်သို့အသုံးပြုနေသည်ကို သိရှိလိုခြင်းနှင့် အခွန်ငွေထဲမှ အစိတ်အပိုင်းတချို့ကို ခွဲဝေသတ်မှတ်၍ ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး အလွန်ဆင်းရဲချို့တဲ့၍ အလွန်ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသားများအား ပညာသင်ထူးချွန်ထောက်ပံ့ဆု ပေးရန် စီစဉ်ထားခြင်း ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါက်တာဦးကြွယ်ကြွယ် က ပြည်သူအများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိသော ကုန်သွယ်

လုပ်ငန်းခွန် (၅) ရာခိုင်နှုန်းကို ပညာရေးအတွက် မည်သို့အသုံးပြုနေသည်ကို သိရှိလိုခြင်းနှင့် အခွန်ငွေထဲမှ အစိတ်အပိုင်းတချို့ကို ခွဲဝေသတ်မှတ်၍ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အလွန်ဆင်းရဲချို့တဲ့၍ အလွန်ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားများအား ပညာသင်ထူးချွန်ထောက်ပံ့ဆုပေးရန် စီစဉ်ထားခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကျက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်ဝကြပါစေလို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကွယ်ကွယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်စာရင်း ထွက်တဲ့အခါမှာ ဂုဏ်ထူး(၅)ဘာသာ၊ (၆)ဘာသာထွက်ရှိပြီး အမှတ်ပေါင်း(၅၀၀)ကျော်ရရှိတဲ့ ထူးချွန်လှတဲ့ ကျောင်းသား၊ ကျောင်းသူများစွာ ပေါ်ထွက်လာပါတယ်။ အဲဒီ ထူးချွန်လှတဲ့ ကျောင်းသား၊ ကျောင်းသူများထဲမှာ တချို့သောသူများဟာ မိဘက အလွန်ဆင်းရဲလှသဖြင့် တက္ကသိုလ် ဆက်လက်တက်ရောက်ရန် အခက်အခဲရှိသူများဖြစ်ကြပါတယ်။ အထူးသဖြင့် သူတို့ဟာ နယ်မြို့များမှဖြစ်ကြပြီး မြို့ကြီးများရှိ နာမည်ကြီး ကျောင်းတွေ၊ ကျူရှင်ကြီးတွေမှာတက်ရောက်ခွင့်မရကြဘဲ မိမိဒေသရှိကျောင်းများမှာသာ တက်ရောက်၍ ခက်ခက်ခဲခဲရုန်းကန်ကြိုးစားအောင်မြင်ခဲ့သူများဖြစ်လို့ ပိုမိုဂုဏ်ပြုချီးကျူးထိုက်သူများ ဖြစ်ကြပါတယ်ခင်ဗျား။ ယခုနှစ် ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင်စာရင်းမှာ ကျွန်တော့်မဲဆန္ဒနယ် ဖြစ်တဲ့ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာက အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသူ တစ်ယောက်ဟာ ဂုဏ်ထူး(၅)ဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်။ အဲဒီလိုပဲ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ယဲပြားကျေးရွာမှငါးဖမ်းလုပ်သား ဆင်းရဲနွမ်းပါးတဲ့မိသားစုမှသားတစ်ဦးဖြစ်သူဟာ ဂုဏ်ထူး(၆)ဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်ခင်ဗျား။ အဲဒီလို ဆင်းရဲနွမ်းပါးတဲ့မိသားစုမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများ မြန်မာနိုင်ငံ အနှံ့အပြားမှာ အများအပြားပေါ်ထွက်ခဲ့ပါတယ်။ ငွေကြေး ချို့တဲ့ပြီး မြို့ကြီးများနဲ့ အလှမ်းဝေးတဲ့ကျောင်းများမှာ တက်ရောက်ပြီးတော့ ဒီလိုထူးထူးချွန်ချွန် အောင်မြင်ဖို့ရာဆိုတာ အင်မတန်ခက်ခဲလှပါတယ်။

ဒါကြောင့်မို့ ဒီလိုကျောင်းသူ၊ ကျောင်းသားတွေကို အထူးအားပေးဂုဏ်ပြုသင့်ပါတယ်ခင်ဗျား။ ဒါပေမဲ့ သူတို့ဟာ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ဖို့ရာ မိဘများကမတတ်နိုင်ကြသဖြင့် လူမှုရေးပရဟိတအဖွဲ့အစည်းတွေ၊ ဖောင်ဒေးရှင်းတွေ၊ တစ်သီးပုဂ္ဂလအလှူရှင်တွေကိုအားကိုးပြီးတော့ ရှာဖွေစောင့်မျှော်ကြရပါတယ်။ တကယ်တော့ သူတို့ဟာနိုင်ငံတော်ကချီးမြှင့်တဲ့ ပညာသင်ထောက်ပံ့ကြေးဆုများကို ရရှိခံစားပြီး ပူပင်ကြောင့်ကြကင်းဝေးစွာနဲ့ အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူ

ခွင့်ရရှိထိုက်သူများဖြစ်ကြပါတယ်။ လက်ရှိပညာရေးဝန်ကြီးဌာနမှ ချီးမြှင့်လျက်ရှိတဲ့ ပညာသင်ဆု Collegiate Scholarship ဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အမှတ်အများဆုံးနဲ့ပါဝင်တဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ စုစုပေါင်းကျောင်းသား (၁၀၀)ဦးကို ရွေးချယ်ပြီးတော့ ချီးမြှင့်တာဖြစ်ပါတယ်။ ဒါပေမဲ့ အလွန်ဆင်းရဲပြီးခက်ခက်ခဲခဲပညာသင်ရတဲ့ နယ်မြို့တောကျောင်းက ကျောင်းသူ၊ ကျောင်းသား တွေဟာ အဲဒီလိုတစ်နိုင်ငံလုံးမှာ အဆင့် (၁၀၀)အတွင်းကို ဝင်ဖို့ရာအလွန်အခက်အခဲရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ တယ်လီဖုန်း ဆက်သွယ်သုံးစွဲသူများထံကနေပြီးတော့ ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်း ကောက်ခံလျက်ရှိပါတယ်။ ၂၀၁၆ခုနှစ်၊ ဧပြီလ၁ ရက်ကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ စာရင်းအရဆိုလို့ရှိရင် ကျပ်ငွေပေါင်း (၅၉.၉၅) ဘီလီယံ ရရှိခဲ့တယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်ခင်ဗျား။ အဲဒီထဲမှာ တကယ်တမ်းဆိုရင် ပျမ်းမျှအားဖြင့် တစ်လကို (၆.၆၆) ဘီလီယံလောက်ရှိပါတယ်။ အကယ်၍ တစ်နိုင်ငံလုံးမှာရှိတဲ့ ဆင်းရဲချို့တဲ့၍ပညာ ထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူ (၁၀၀)ဦးကို လစဉ် တစ်သိန်းကျပ်ချီးမြှင့်မယ်ဆိုလို့ရှိရင် တစ်လ မှာ သိန်းတစ်ရာ ကုန်ကျမှာဖြစ်ပါတယ်။ ဒီငွေဟာ (၀.၀၁)ဘီလီယံ ရှိပါတယ်။ အဲဒီတော့ ပျမ်းမျှတစ်လ ကောက်ခံရရှိငွေပေါင်းက သန်းပေါင်း (၆၆၆၁)သန်းကျော်ရှိတာကြောင့်မို့လို့ ဒီလိုထောက်ပံ့မယ်ဆိုလို့ရှိရင် ဒီအခွန်ငွေရဲ့အလွန်နည်းတဲ့အစိတ်အပိုင်းကို သာအကုန်အကျခံရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က ပညာထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ပညာဆက်လက်သင်ယူနိုင်ရေးအတွက်ကို အာမခံပြီးတော့ အစွမ်းကုန် ဆောင်ရွက်ဖို့ရာ တာဝန်ရှိပါတယ်ခင်ဗျား။

နိုင်ငံတော်က ကျောင်းသားလူငယ်တွေကို တန်ဖိုးထား အားပေးချီးမြှောက်ခြင်းဖြင့် လူငယ်များကလည်း နိုင်ငံတော်အပေါ် ပိုမိုသစ္စာရှိပြီးတော့ ချစ်မြတ်နိုးလာမှာ ဖြစ်ပါတယ်။ ထူးချွန်တဲ့ ကျောင်းသားလူငယ်များ အချိန်မတိုင်မီကျောင်းများကိုကျောခိုင်းပြီး လမ်းမှားသို့ရောက်ရှိခြင်းမှလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ကိုလိုနီခေတ်တုန်းကဆိုရင်တောင်မှ ကိုလိုနီအစိုးရဟာ တက္ကသိုလ် ဝင်တန်းအောင်မြင်သူတွေကို ဗြိတိန်နိုင်ငံကိုပို့ပြီးတော့ ပညာသင်စေလွှတ်ခဲ့တဲ့ အထောက်အထားတွေ ကျွန်တော်တို့သိရှိရပါတယ်။ အဲဒီတော့ ဖုန်းဘေလ်ခွန်များကို ပညာရေးအတွက် အသုံးပြုမယ်၊ ပြည်သူ လူထုအတွက် တိုက်ရိုက်အကျိုးရှိမယ့် ကဏ္ဍများတွင် သုံးစွဲသွားပါမယ်လို့လည်း ကျွန်တော်တို့ ကြားသိ ထားပါတယ်။ ကျောင်းဆောင်ကြီးတွေ၊ တက္ကသိုလ်ကြီးတွေ တိုးချဲ့ဖွင့်လှစ်ပေမယ့်လည်း ပညာထူးချွန်တဲ့ ကျောင်းသူ၊ ကျောင်းသားတွေ လာရောက်ပြီးတော့ ပညာသင်ယူနိုင်ခြင်း မရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်အတွက် များစွာနစ်နာလှပါတယ်။

အဲဒီဟာကြောင့် ပြည်သူများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိတဲ့ ကုန်သွယ် လုပ်ငန်းခွန် (၅)ရာခိုင်နှုန်းကို ပညာရေးအတွက် မည်သို့အသုံးပြုနေသည်ကို သိရှိလိုခြင်းနှင့် ထိုအခွန်ငွေထဲမှ အစိတ်အပိုင်းအချို့ကို ခွဲဝေသတ်မှတ်ပြီး ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အလွန်ဆင်းရဲ ချို့တဲ့ပြီး၊ အလွန်ပညာထူးချွန်တဲ့ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်ထောက်ပံ့ထူးချွန်ဆုပေးရန် စီစဉ်ထားခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေအခန်း(၁၃)၊ ပုဒ်မ ၆၂ တွင် ပါရှိသည့်အတိုင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးတို့အတွင်း ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အစိုးရအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ပင်ညှိနှိုင်းဆွေးနွေးရန်အတွက် ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအခန်း(၁၃)၊ ပုဒ်မ ၆၂ တွင် ပါရှိသည့်အတိုင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးတို့အတွင်း ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အစိုးရအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ပင်ညှိနှိုင်း ဆွေးနွေးရန်အတွက် ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဥက္ကာမင်း ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။　　။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်ရဲ့မေးခွန်းကို ဘယ်လိုအခြေခံပြီး ဖြစ်ပေါ် လာလဲဆိုတော့ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအခန်း(၁၃)၊ ပုဒ်မ ၆၂ မှာပါရှိတဲ့ ကျွန်တော်တို့ ဒီပုဒ်မ ၆၂ ကို အခြေခံပြီးတော့ ပေါ်ထွက်လာတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပုဒ်မ ၆၂ မှာ ဘာပါလဲဆိုတော့ ပြည်သူက ရွေးချယ်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ် အများစုသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနဲ့ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နဲ့ စပ်လျဉ်း၍ ပြည်သူ များ၏ သဘောဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည် ဆိုပြီးတော့ အတိအလင်း ဖော်ပြထားပါတယ်။ ဒါပေမဲ့လည်း တကယ့်တကယ်ကျွန်တော်တို့ ဖွံ့ဖြိုးရေး စီမံကိန်းတွေရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကိုထည့်သွင်း တိုင်ပင်၊ ညှိနှိုင်း တိုင်ပင်ခြင်းမရှိတာကို ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်း တော်တော်များများမှာ အများအားဖြင့် တွေ့ရ ပါတယ်။

အဲဒါကြောင့်မို့ ကျွန်တော့်ရဲ့မေးခွန်းကဒီကစပြီးတော့ ဖြစ်ပေါ်လာနေတာဖြစ်ပါတယ်။ လက်တွေ့မှာ ကျွန်တော်တို့ ဒီဥပဒေပုဒ်မ ၆၂ ကို တာဝန်ရှိတဲ့ ဌာနဆိုင်ရာတွေက မသိရှိတာကိုတွေ့ရ ပါတယ်။ အဲဒီတော့ တာဝန်ရှိတဲ့ဌာနဆိုင်ရာ ဆိုတဲ့နေရာမှာ ကျွန်တော်တို့ အဓိက တာဝန်ရှိတာကတော့ မြို့နယ်အဆင့်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖြစ်ပါတယ်။ အဲဒီတော့ မသိရှိတာကလည်း မသိရှိတာက တစ်ကြောင်းပါပါတယ်။ နောက်တစ်ခုက သိသော်လည်းပဲ ဌာနအဆင့်ဆင့် ညွှန်ကြားမှု မရှိလို့ ကျွန်တော်တို့ ညှိနှိုင်းတိုင်ပင်ခြင်းမရှိတာကိုလည်း ထပ်မံပြီးတော့ ကြားသိရပါတယ်။ ဆိုတော့

လက်တွေ့မှာ ဥပဒေမှာပါသော်လည်းပဲ ဥပဒေသည်စာအုပ်ထဲမှာသာ ပါနေပါတယ်။ တကယ့်တကယ် လက်တွေ့မှာ ဆောင်ရွက်တဲ့နေရာမှာ အားနည်းချက်တွေအများကြီးရှိနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ညှိနှိုင်းခြင်းမရှိတဲ့အတွက် ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အလွဲလွဲအချော်ချော်တွေဖြစ်နေတာ ကျွန်တော်တို့အားလုံး သိရှိပြီးဖြစ်ပါလိမ့်မယ်။

ဒါကျွန်တော်တို့ တစ်နိုင်ငံလုံးမှာဖြစ်နေတဲ့ အနေအထားပါ။ ကျွန်တော့်မဲဆန္ဒနယ် တစ်ခုတည်း မဟုတ်ပါဘူး။ ဥပမာအားဖြင့် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်တစ်ခုမှာဆိုလို့ရှိရင် ရွာမှာက တံတားရှိပြီးသား။ တံတား ရှိပြီးသားနေရာကို တံတား ထပ်ကျတယ်။ တစ်ရွာတည်းလား ဆိုတော့ နောက်တစ်ရွာလည်း အဲဒီအတိုင်းပဲ။ တံတားရှိတဲ့နေရာမှာ တံတားကျတယ်။ တကယ့်တကယ် လိုနေတာက ဆေးရုံသော် လည်းကောင်း၊ ရေတွင်းသော်လည်းကောင်း ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အဲဒါတွေကို မပါလာဘူး။ မပါ လာတော့ ဘာဖြစ်လဲဆိုတော့ အလွဲလွဲအချော်ချော်တွေဖြစ်တယ်။ အလွဲလွဲအချော်ချော် ဖြစ်တာလည်း အကြောင်းတစ်ခုတည်းဖြစ်သလို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေလည်း အလဟဿဆုံးရှုံးမှုတွေ ဖြစ်ပေါ်တယ်။

ဒါတွေက ကျွန်တော်တို့ရဲ့ စီမံကိန်းတွေကို စားပွဲပေါ်က ထိုင်ပြီးရေးဆွဲနေတဲ့ အကျိုးရလဒ် ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ခြင်းမရှိတဲ့ အကျိုးရလဒ်ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ လွှတ်တော် ကိုယ်စားလှယ်တွေကို ဘာကြောင့် ညှိနှိုင်းတိုင်ပင်သင့်သလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာဟာ မိမိရဲ့သက်ဆိုင်ရာ မဲဆန္ဒနယ်မြေကို လွှတ်တော်အစည်းအဝေးရပ်နားတဲ့အချိန်မှာ ကျေးရွာတစ်ရွာ ချင်းဆီကို သွားရောက်နေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဘယ်ရွာမှာဘာလိုအပ်ချက်တွေရှိသလဲ ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်တွေ အသိဆုံးပါ။ ဌာနဆိုင်ရာကပုဂ္ဂိုလ်တွေဟာ သူတို့မှာ မဲဆန္ဒနယ်မြေ သတ်မှတ်ချက်မရှိဘူး။ ဒါပေမဲ့ သူတို့ကိုင်တွယ်ရတဲ့ သက်ဆိုင်ရာမြို့နယ်တွေမှာ ကျေးရွာ တွေမှာ အခက်အခဲရှိမှုပြဿနာရှိမှ သွားရတဲ့အနေအထား ဖြစ်ပါတယ်။ ဒါကလည်း လက်ရှိမြေပြင်မှာ အားလုံးလည်း သိရှိပြီးဖြစ်ပါလိမ့်မယ်။ အဲဒီတော့ ဒီကိုယ်စားလှယ်တွေကို တင်ပြလာတဲ့ဟာတွေ မပါလာဘူး။ ကျွန်တော်တို့ ကျေးရွာတွေကို ဆင်းတယ်။ ကျေးရွာခံ၊ ဒေသခံ မဲဆန္ဒရှင်ပြည်သူလူထုတွေနဲ့ တွေ့တယ်။ ကိုယ်စားလှယ် တွေနဲ့ တွေ့တဲ့အချိန်မှာ ဒေသရဲ့လိုအပ်ချက်တွေကို တောင်းဆိုတယ်။ ကိုယ်စားလှယ်တွေကတစ်ဆင့် သက်ဆိုင်ရာမြို့နယ်မှာသော်လည်းကောင်း၊ ခရိုင်မှာသော်လည်းကောင်း၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာသော်လည်းကောင်း၊ ပြန်လည်ပြီးတော့ ညှိနှိုင်းဆောင်ရွက်တယ်။

အဲဒီတော့ ကိုယ်စားလှယ်တွေကို တင်ပြတဲ့အရာတွေ ပါမလာဘူးဆိုရင် ရိုးသားတဲ့ ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေကတော့ ဒို့ကတော့ တင်ပြပြီးပြီ။ ကိုယ်စားလှယ်တွေကို တင်ပြပြီးပြီ ပါလာမှာပဲဆိုပြီးတော့ ထင်နေကြပါတယ်။ တကယ့်တကယ်ကျတော့ စီမံကိန်းရေးဆွဲတဲ့ အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်တွေ မပါဝင်တဲ့အတွက် သူတို့ တောင်းဆိုတဲ့ တကယ်လိုအပ်နေတဲ့ အရာတွေက ပါလာခြင်းမရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီရဲ့အကျိုးရလဒ်က ဘယ်ကိုသွားလဲ ဆိုတော့ မဲဆန္ဒရှင်ပြည်သူလူထု ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ယုံကြည်မှု အားနည်းလာပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကို ယုံကြည်မှုအားနည်းလာတဲ့အတွက်

လွှတ်တော်ကနေ ပြန်လည်ရွေးချယ်တဲ့ အစိုးရကိုလည်း ယုံကြည်မှုအားနည်းမှု ဖြစ်ပေါ်လာစေပါတယ်။ ဒါက ကျွန်တော်တို့ သတိထားရမယ့်အချက်တွေ ဖြစ်ပါတယ်။

အဲဒီတော့ နောက်တစ်ခု ကျွန်တော်တို့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ရှိတဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဒီဥပဒေကိုနားလည်အောင်လုပ်ပေးဖို့ သင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဘယ်လိုရှိလဲဆိုတာ သိထားသင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေမှာ ပုဒ်မ ၆၂ မှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို အလေးထား တိုင်ပင်အပ်သော ပုဂ္ဂိုလ်များ ဖြစ်သည်။ သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်များဖြစ်သည်ဆိုတဲ့အတိုင်း ကျွန်တော်တို့က တိုင်ပင်ရမယ်ဆိုပြီး တော့ပါပါတယ်။ ဒါပေမဲ့လည်း အဲဒီလိုညွှန်ကြားချက်တွေမရှိတဲ့အတွက် ဥပဒေမှာ သီးသန့်ကြီး ဖွဲ့စည်းဖို့အတွက် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်းဘဲ မြေပြင်ရဲ့အနေအထား၊ တိုင်းပြည်ရဲ့အနေအထား၊ နိုင်ငံရဲ့အနေအထားအရ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ထည့်သွင်းပြဋ္ဌာန်းပေးဖို့ လိုအပ် တယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်မှ မေးမြန်းတဲ့ မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများနှင့် စီးပွားရေးစာချုပ်များ ချုပ်ဆိုရာမှာ (၁) ယင်းစာချုပ်များတွင် ထို ကုမ္ပဏီများနဲ့ ချုပ်ဆိုတဲ့စာချုပ် သက်တမ်းကုန်ဆုံးချိန်၌ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာ နည်းပညာများ လွှဲပြောင်းပေးရန်ဆိုသည့် အချက်ပါရှိခြင်း ရှိ/မရှိ၊ (၂) အကယ်၍မပါရှိပါက အနာဂတ်မှာ ချုပ်ဆိုတဲ့စာချုပ်များ၌ ယင်းအချက်ကိုထည့်သွင်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ နိုင်ငံတော်အတွင်းမှာ

ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ဖို့ ခွင့်ပြုမိန့်များထုတ်ပေးတဲ့နေရာမှာ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေခြင်း ရှိ/မရှိ ရင်းနှီးမြှုပ်နှံသူက နည်းပညာလွှဲပြောင်းရယူနိုင်ခြင်းရှိ/မရှိ စသည်တို့ကို ထည့်သွင်းစဉ်းစားရပါတယ်။ စီးပွားရေးဆိုင်ရာစာချုပ်များ ချုပ်ဆိုရာမှာ ပဋိညာဉ်စာချုပ် (Contract) နဲ့ သဘောသဘာဝအရ ဆောင်ရွက်မယ့်လုပ်ငန်းအပေါ်မှာမူတည်ပြီး နှစ်ဦးနှစ်ဖက်စီးပွားရေး အကျိုးဖြစ်ထွန်းစေမှုကို အခြေခံပြီးတော့ ညှိနှိုင်းချုပ်ဆိုလေ့ရှိကြပါတယ်။

နည်းပညာလွှဲပြောင်းရယူရမယ့် လုပ်ငန်းမျိုးဖြစ်ပါက နည်းပညာပေးသူနဲ့ နည်းပညာရယူမယ့် သူတို့အကြားမှာ နည်းပညာလွှဲပြောင်းခြင်းကို သဘောတူစာချုပ်များမှာ ထည့်သွင်း၍ဖြစ်စေ၊ သီးခြားချုပ်ဆိုလေ့ရှိကြပြီးတော့ နှစ်ဖက်လက်ခံနိုင်တဲ့ Terms and Conditions များကိုလည်း သတ်မှတ်ချုပ်ဆိုကြပါတယ်။ သို့ရာတွင် တချို့သော အဆင့်မြင့်နည်းပညာဆိုင်ရာကိစ္စရပ်များမှာတော့ နည်းပညာပေးသူနဲ့ နည်းပညာ ရယူသူတို့ကြားမှာ ယုံကြည်မှုနဲ့ နည်းပညာကို စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ အသုံးပြုနိုင်ရေးတို့အတွက် နည်းပညာကို လွှဲပြောင်းလက်ခံမယ့်နိုင်ငံမှာ လုံလောက်ပြီးတော့မှ ထိရောက်မှုရှိတဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေး အကာအကွယ်ပေးခြင်း ရှိရန်လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ စီးပွားရေးဆိုင်ရာ စာချုပ်များချုပ်ဆိုရာမှာ လုပ်ငန်းဆိုင်ရာနဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ လွှဲပြောင်းရယူနိုင်ရန် ထည့်သွင်းချုပ်ဆိုမယ့်ကိစ္စသည် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာန (သို့မဟုတ်) နိုင်ငံသား၊ ပုဂ္ဂလိကများနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအကြားမှာ ညှိနှိုင်းဆွေးနွေးချုပ်ဆိုမှုများအပေါ်မှာ မူတည်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်းနဲ့ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ (Intellectual Property Act) ပြဋ္ဌာန်းပြီးပါက နည်းပညာလွှဲပြောင်းမှုစာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် နည်းပညာပေးသူနဲ့ရယူသူတို့အကြားမှာ ပိုမိုဆွေးနွေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် မေးမြန်းတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပတ်မြို့မှာ မြန်မာ့စီးပွားရေးဘဏ် (MEB)ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ရုံးချုပ်ဌာနကြီး (၆)ခုရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ရုံး(၁၄)ခု၊ ခရိုင်ကွပ်ကဲဘဏ်ခွဲ (၇၆)ခု၊ မြို့နယ်ဘဏ်ခွဲ (၂၁၅)ခု၊ ဘဏ်ငွေ တိုက်ခွဲ (၁၈)ခု၊ ကိုယ်စားလှယ်ရုံးခွဲ (၆)ခုနဲ့ စုစုပေါင်းဘဏ်ခွဲ (၃၃၅)ခု ဖွင့်လှစ်ပြီးတော့ ပြည်သူများအား ဘဏ်ဝန်ဆောင်မှုများ ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်များရဲ့ အဓိက ကွာခြားချက်ကတော့ ပုဂ္ဂလိကဘဏ်များအနေနဲ့ ဘဏ်ခွဲအရေအတွက်မည်မျှပင်များပြားသည် ဖြစ်ပါစေ၊ နယ်စွန်နယ်ဖျား မြို့နယ်အသေးများပါမကျန် ဖွင့်လှစ်နိုင်ခြင်းမျိုးမဟုတ်ဘဲနဲ့ စီးပွားရေးအရ

တွက်ချေကိုက်မယ့် နေရာများတွင်သာရွေးချယ်ဖွင့်လှစ်ကြခြင်းဖြစ်ပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ကတော့ အစိုးရဌာနစာရင်းများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရတဲ့အတွက်ကြောင့် နယ်စွန်နယ်ဖျား ပါမကျန် မြို့နယ်အသေးလေးများအထိ ကုန်ကျစရိတ်များ အရှုံးခံပြီးတော့ ဖွင့်လှစ်ပေးနေခြင်း ဖြစ်ပါတယ်။

ဘဏ်တစ်ခု ဖွင့်လှစ်နိုင်ဖို့အတွက်ကတော့ ဒေသရဲ့စီးပွားရေးအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လူအင်အား၊ မြေနေရာ၊ အဆောက်အအုံစသည်ဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ကျွန်တော်တို့ ဖွင့်လှစ်ပါတယ်။ ခမ်းပတ်မြို့မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ စည်ပင်သာယာရေးကော်မတီတို့ဟာ တမူးခရိုင်ဘဏ်ခွဲမှာ ဌာနဆိုင်ရာ ငွေထုတ်စာရင်းများကို ဖွင့်လှစ်ထားပြီးတော့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းအနေနဲ့က ငွေလွှဲလက်မှတ်နဲ့ ငွေထုတ်ယူလျက်ရှိကြောင်း သိရပါတယ်။ ပင်စင်စားဦးရေ(၄၀၀)ခန့် ရှိတာကိုတွေ့ရပြီးတော့ ငွေစုဘဏ်စာရင်းဦးရေ (၈၀၀)ခန့် ရှိသည်ကိုလည်း တွေ့ရပါတယ်။ ခမ်းပတ်မြို့ဟာ လူမှုရေး၊ စီးပွားရေး၊ ဒေသန္တရအခြေအနေတို့အရ ဘဏ်ခွဲဖွင့်လှစ်ရန် သင့်လျော်သောအနေအထားမှာရှိသော်လည်း လုံခြုံရေးအနေနဲ့ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့ မရှိဘဲ ခမ်းပါတ် ရဲစခန်းနဲ့ တပ်မတော် စစ်ကြောင်းရုံးတစ်ခုသာရှိခြင်း၊ လျှပ်စစ်မီးမရှိသေးခြင်း၊ ဆက်သွယ်ရေးအနေဖြင့် ကြိုးဖုန်း၊ အော်တိုတယ်လီဖုန်းများမရရှိသေးခြင်းတို့ကြောင့် လောလောဆယ်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို မှတ်သားထားပြီးတော့ ခမ်းပတ်မြို့ရဲ့ လူမှုစီးပွားရေးနဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့အရ သင့်လျော်တဲ့အချိန်မှာ ဘဏ်ငွေတိုက်ခွဲ သို့မဟုတ် ဘဏ်ခွဲဖွင့်လှစ်ရန် သုံးသပ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် မေးမြန်းတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ပေါ်မှာ မြန်မာ့စီးပွာရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။

မြန်မာ့စီးပွာရေးဘဏ်အနေနဲ့ စောစောက ကျွန်တော်တင်ပြသလို ရုံးချုပ်ဌာနကြီး(၆)ခု အပါအဝင် ဘဏ်ခွဲပေါင်း (၃၃၅)ခု၊ တစ်ပြည်လုံးအနှံ့ ဖွင့်လှစ်ပြီးတော့ အစိုးရဘဏ်လုပ်ငန်းများနဲ့ အများပြည်သူများအတွက်ကို ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို နေ့စဥ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်တို့ရဲ့ အဓိကကွာခြားချက်ကတော့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပြည်သူတွေရဲ့ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအပြင်ကို အစိုးရဌာနဆိုင်ရာ ငွေထုတ်စာရင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်းနဲ့ ပင်စင်စားများကို ပင်စင်ထုတ်ပေးခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မြို့နယ်နယ်စွန်နယ်ဖျား ပါမကျန် ကျွန်တော်တို့ ကုန်ကျစရိတ် အရှုံးခံပြီးတော့ နိုင်ငံတော်အတွက် လိုအပ်တဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ဆမီးမြို့ရဲ့ လုပ်ငန်းပမာဏ အနေအထားကို စိစစ်တဲ့ နေရာမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေထုတ်စာရင်း(၁)ခု၊ စည်ပင်သာယာရေးကော်မတီက ငွေထုတ်

စာရင်း(၁)ခုနဲ့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းက (OA)စာရင်း(၁)ခု ရှိပြီးတော့ ပလက်ဝမြို့နယ်ဘဏ်ခွဲမှာ ဌာနဆိုင်ရာ ငွေထုတ်စာရင်းများကို ဖွင့်လှစ်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါတယ်။ ပင်စင်စားဦးရေက (၁၉၅)ခန့် ငွေထုတ်ယူလျက်ရှိပြီးတော့ ငွေစုဘဏ်စာရင်းဦးရေက (၅၃)ဦး၊ စာရင်းရှင်စာရင်းဦးရေမှာ (၆၃)ဦးခန့်ရှိကြောင်း တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာဖြင့် မေးမြန်းမှုကို နားလည်ပါကြောင်းနဲ့ ဆမီးမြို့ဟာ လုံခြုံရေး အနေအထားအရ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့ အခြေစိုက်ခြင်းမရှိဘဲ ရဲစခန်း(၁)ခုသာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ဆိုင်ကယ်ဖြင့်သာ အဓိကသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးအနေဖြင့် ဖုန်းလိုင်းများ မရရှိသေးခြင်းတို့ကြောင့် လောလောဆယ်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို မှတ်သားထားပြီးတော့ ဆမီးမြို့ရဲ့ လူမှုစီးပွား လမ်းပန်းဆက်သွယ်ရေး၊ ဒေသရဲ့ တိုးတက်ဖွံ့ဖြိုးမှု အခြေအနေများအရ သင့်လျော်တဲ့အချိန်မှာ ဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်နိုင်ရေး အတွက်ကို သုံးသပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ မေးမြန်းတဲ့ ဥပဒေနဲ့အညီ အခွန်ကောက်ခံရာမှာ အခွန်အပြည့်အဝ ရရှိရန်နှင့် အခွန်ရှောင်ရှားမှုများ၊ အခွန်ယိုဖိတ်မှုများ လျော့နည်းစေရန် ပြည်ထောင်စုအစိုးရ အနေဖြင့် လုပ်ငန်းစဉ်များ၊ စီမံချက်များ စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန အနေနဲ့ နိုင်ငံတော်ရဲ့ အခွန်အကောက် ရငွေများအတွက် အဓိကတာဝန်ယူ ကောက်ခံနေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းအနေနဲ့ အလွန်ထိရောက် ထက်မြက်ပြီးတော့မှ အခွန်စီမံခန့်ခွဲမှုလုပ်ငန်းတွေကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်တဲ့ နိုင်ငံတကာ အသိအမှတ်ပြု ခေတ်မီအခွန်ဌာနတစ်ခု ဖြစ်လာစေဖို့အတွက် မျှော်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ မျှော်မှန်းချက်ကို အောင်မြင်စေဖို့အတွက် မူဝါဒများ၊ ရည်မှန်းချက်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကိုလည်း ချမှတ်ထားရှိပါတယ်။ ယခုအခါမှာ လက်ရှိ အခွန်ကောက်ခံနေတဲ့ စနစ်ဖြစ်တဲ့ အခွန်ရုံးကနေ အခွန်စည်းကြပ်တဲ့စနစ် (OAS System) ကနေပြီးတော့မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ် (SAS System)ကို ပြောင်းလဲဖို့အတွက် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်စည်နဲ့ ဝန်ဆောင်မှုအခွန်ကို ပြောင်းလဲနိုင်ဖို့ ပထမဦးစွာ ဆောင်ရွက်လျက် ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ ကမ္ဘာ့ဘဏ်၊ IMF, ADB, US ,OTA တို့ရဲ့ နည်းပညာနဲ့ အတတ်ပညာဆိုင်ရာ အကူအညီ အထောက်အပံ့များကိုလည်း ရယူဆောင်ရွက်လျက် ရှိပါတယ်။

လက်ရှိ ကောက်ခံနေတဲ့ အခွန်ရုံးကနေပြီးတော့ အခွန်စည်းကြပ်တဲ့စနစ် (OAS) စနစ်မှာ အခွန်ထမ်းရဲ့ တင်ပြမှုအပေါ်မှာ အခွန်ရုံးက စည်းကြပ်သတ်မှတ်ခြင်းဖြစ်ပြီးတော့ အဆိုပါစနစ်ဟာ

အခွန်မှုးတစ်ဦးတည်းကနေပြီးတော့ အခွန်ထမ်း ဝန်ဆောင်မှုလုပ်ငန်း၊ အခွန်စာရင်း စစ်ဆေးခြင်းလုပ်ငန်း၊ အခွန်ကောက်ခံခြင်း လုပ်ငန်းများကို လုပ်ဆောင်ရတဲ့အတွက် အခွန်မှုးတစ်ဦးတည်းမှာ လုပ်ပိုင် ခွင့်များ ရှိနေတဲ့အတွက်ကြောင့် လေလွင့်ယိုဖိတ်မှုများ၊ အကျင့်ပျက်ခြစားမှုများ ရှိနိုင်ပါတယ်။ ဒီအတွက်ကြောင့် အခွန်ရုံးက လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူတဲ့ စနစ်ဖြစ်တဲ့ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ် (SAS) စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန် ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

ယခုအခါမှာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Taxpayers Office-LTO)ကို ဖွင့်လှစ်ပြီးတော့မှ ၁-၄-၂၀၁၄ ကစပြီးတော့ SAS စနစ်ကို ပြောင်းလဲပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့ စနစ်ဟာ အခွန်ထမ်းများက ၎င်းတို့ ရရှိခဲ့တဲ့ ဒါမှမဟုတ် စုဆောင်းရရှိခဲ့တဲ့ ဝင်ငွေများကို အခွန်ထမ်းများကိုယ်တိုင် တွက်ချက်စည်းကြပ်ပြီးတော့ အခွန်ပေးဆောင်ရတဲ့ ရိုးရှင်းလွယ်ကူတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ အခွန်ဝန်ထမ်းများရဲ့ ပါဝင်စွက်ဖက်မှု အနည်းဆုံးဖြစ်သွားပြီးတော့မှ အဂတိလိုက်စားမှုကိုလည်း လျော့နည်းပပျောက်စေမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (Medium Taxpayers Office 1 MTO1)နဲ့ အခွန်ထမ်းများ ကိုယ်တိုင် အခွန်စည်းကြပ်စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး-၂ (MTO-2) ကိုလည်းပဲ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက်ကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အခွန်ကောက်ခံမှု၊ ပေးသွင်းမှုများကို အီလက်ထရောနစ် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ဖို့အတွက် MPU Card ကတစ်ဆင့် အခွန်ငွေပေးသွင်းခြင်းကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလကစပြီးတော့ သီလဝါအထူးစီးပွားရေးဇုန်မှာရှိတဲ့ ကုမ္ပဏီများနဲ့ စတင်လက်ခံဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှစပြီးတော့ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးမှာရှိတဲ့ အခွန်ထမ်းများအားလုံးရဲ့ အခွန်ပေးသွင်းမှုများအားလုံးကို အီလက်ထရောနစ် နည်းလမ်းနဲ့ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် MPU Card စနစ်နဲ့ အခွန်ငွေပေးသွင်းခြင်းကို ဆက်လက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော် သွားနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်ဥပဒေများနဲ့ ပတ်သက်ပြီးတော့ ရိုးရှင်းလွယ်ကူတဲ့ အခွန်စနစ်ဖြစ်ပေါ်စေရန် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ခေတ်ကာလနဲ့ လျော်ညီစွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းများကို လွှတ်တော်များ၊ ကော်မတီ၊ ကော်မရှင်များနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ အခွန်ဆိုင်ရာလိုက်နာမှု အားကောင်းစေရန်နှင့် အခွန်ယဉ်ကျေးမှု ထွန်းကားလာစေဖို့အတွက် အခွန်ထမ်းများကို အခွန်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊ အခွန်ပညာပေးခြင်းများနဲ့ အခွန်စကားဝိုင်း၊ ဇာတ်လမ်းတိုများ၊ မြန်မာ့အသံ၊ ရုပ်မြင်သံကြား အစီအစဉ်များမှာ စဉ်ဆက်မပြတ်ထုတ်လွှင့် ကြေညာခြင်း၊ ဂျာနယ်နဲ့ သတင်းစာများမှာ အဆက်မပြတ် ထည့်သွင်းကြေညာခြင်းများကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းစသည်တို့မှာ Customer များကို ထုတ်ပေးတဲ့ ပြေစာများမှာ

ကျသင့်ကုန်သွယ် လုပ်ငန်းခွန်နဲ့ကိုက်ညီမယ့် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်စေဖို့အတွက် လုပ်ငန်းစီမံချက်ကို ၁-၁၁-၂၀၁၄ ကစပြီးတော့ ရှေ့ပြေးစီမံချက်အဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကစပြီးတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းများအပေါ်မှာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်စေရေး ဆောင်ရွက်ခြင်းအားဖြင့် အခွန်ယိုဖိတ်မှုများ မရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး ရွှေဆိုင်များနဲ့ စက်သုံးဆီ အရောင်းဆိုင်များမှာ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဖို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

အခွန်ဘဏ္ဍာများ တိုးတက်ကောက်ခံရရှိရေးအတွက် အခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့များကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်အခွန်ဦးစီးဌာန အနေနဲ့လည်း အခွန်ကောက်ခံရာမှာ အခွန်အပြည့်အဝရရှိဖို့နဲ့ အခွန်ရှောင်ရှားမှုများနဲ့ အခွန်ယိုဖိတ်မှုများ လျော့နည်းစေဖို့အတွက် မြန်မာနိုင်ငံအစိုးရနဲ့ ဂျပန်နိုင်ငံအစိုးရတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ ကုန်ပစ္စည်း အလိုအလျောက် ရှင်းလင်းရေးနဲ့ ထိန်းချုပ်ရေးစနစ်ဖြစ်တဲ့ (MACCS System)ကို ၁၂-၁၁-၂၀၁၆ က စပြီးတော့ အသုံးပြုလျက် ရှိပါတယ်။ MACCS System ဟာ သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေး လုပ်ငန်းများကို Online စနစ်နဲ့ ဆောင်ရွက်နိုင်ပြီးတော့ Private User များကနေ Declaration ဖြည့်သွင်းရမယ့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းနိုင်မယ်ဆိုလို့ရှိရင် အချိန်တို အတွင်းမှာ Release Order ကို ထုတ်ပေးနိုင်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ အကောက်ခွန်ဦးစီးဌာန အနေနဲ့ တရားမဝင် ကုန်သွယ်မှုများက အခွန်တိမ်းရှောင်မှုများ မရှိစေရေးအတွက် ရှောင်တခင် စစ်ဆေးခြင်းများဖြင့် အထူးကင်းအဖွဲ့များ ဖွဲ့စည်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်မှာ စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။ မူဆယ်-မန္တလေးလမ်းကြောင်းမှာ ရေပူစစ်ဆေးရေးစခန်း၊ မြဝတီ - ရန်ကုန်လမ်းကြောင်းမှာ မရမ်းချောင်စစ်ဆေးရေးစခန်းများကို နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ပြန်လည်ဖွင့်လှစ်ထားရှိဆောင်ရွက်လျက်ရှိပြီးတော့ တရားမဝင်တင်သွင်း၊ တင်ပို့မှုများကို ဖမ်းဆီးတားဆီး ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရ အနေနဲ့ အခွန်အပြည့်အဝ ရရှိစေရန်နဲ့ အခွန်ရှောင်ရှားမှု၊ ယိုဖိတ်မှုများ လျော့နည်းစေရန် အခွန်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနဲ့ စီမံချက်များကို စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးကွယ်ကွယ် မေးမြန်းတဲ့ ပြည်သူများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိတဲ့ ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်းကို ပညာရေးအတွက် မည်သို့ အသုံးပြုနေသည် ကို သိရှိလိုခြင်းနဲ့ အခွန်ငွေထဲမှ အစိတ်အပိုင်းတချို့ကို ခွဲဝေသတ်မှတ်ပြီးတော့ ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး အလွန်ဆင်းရဲချို့တဲ့၍ အလွန်ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်းအောင်မြင်သည့်

ကျောင်းသားများကို ပညာသင်ထူးချွန်ဆု ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းပြီး ဖြေကြားပါမယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်သူများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိတဲ့ ကုန်သွယ်လုပ်ငန်းခွန်(၅)ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ သုံးစွဲနိုင်ရန်အတွက် ကျပ်(၇.၄၅၅)ဘီလီယံကို ပညာရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်အဖြစ်နဲ့ ခွဲဝေပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ တင်ပြချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရရှိတဲ့ အသုံးစရိတ် (၇.၄၅၅)ဘီလီယံကို ဦးစီးဌာန(၄)ခုမှာ ခွဲဝေသုံးစွဲခဲ့ကြောင်း သိရပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနရဲ့ အောက်မှာရှိတဲ့ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောင်းသားများအတွက် စားသောက်စရိတ်နဲ့ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ရန်အတွက် ကျပ်(၄.၅၇၇)ဘီလီယမ်၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်(၆၀)မှာ သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန် အတွက် ကျပ်(၀.၅၁၀)ဘီလီယမ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ပညာရေးသုတေသနလုပ်ငန်းများနှင့် ခေတ်မီသင်ရိုးညွှန်းတမ်း ရေးဆွဲခြင်းလုပ်ငန်းများအတွက် ကျပ်(၀.၀၅) ဘီလီယံ၊ အခြေခံပညာဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝေးလံခက်ခဲတဲ့ ဒေသများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဆရာ၊ ဆရာမများ နေထိုင်ရေး အဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတတိုးပွားစေရန် စာကြည့်တိုက်များ ဆောက်လုပ်ရန်တို့အတွက် ကျပ်(၂)ဘီလီယံ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရနည်းပညာအထက်တန်းကျောင်းများနဲ့ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းများအတွက် လက်တွေ့သင်ကြားရေးသုံး သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန်အတွက် ကျပ်(၀.၃၇၇)ဘီလီယံတို့ကို အသီးသီး သုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။

ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်လျက်ရှိရာမှာ ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ(၃၀၀၀၀)နှုန်းဖြင့် ပညာသင်နှစ်တစ်နှစ် (၁၀)လအတွက် ကျပ်(၃)သိန်းကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ပထမနှစ်တက်ရောက်နေသူများအနက် တက္ကသိုလ်ဝင် စာမေးပွဲမှာ အမှတ်အများဆုံး အဆင့်(၁)ကနေ (၁၀၀) ရရှိသူ ကျောင်းသား၊ ကျောင်းသူ(၁၀၀)ဦးကို တစ်ဦးလျှင် တစ်လကျပ်(၁)သိန်းနှုန်းဖြင့် ပညာသင်နှစ်တစ်နှစ် (၁၀)လအတွက် ကျပ်(၁၀)သိန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဝိဇ္ဇာဘာသာရပ်မှာ အမှတ်အများဆုံး ရသူတစ်ဦး၊ သိပ္ပံဘာသာရပ်မှာ အမှတ်အများဆုံးရသူတစ်ဦး၊ စုစုပေါင်း(၂)ဦးစီကို တစ်ဦးလျှင် တစ်လ ကျပ်(၁)သိန်းနှုန်းဖြင့် ပညာသင်နှစ်တစ်နှစ် (၁၀)လအတွက် ကျပ်(၁၀)သိန်း၊ ကြိုတင်ပြင်ဆင်စရိတ် (၁၀)သိန်းနှုန်းဖြင့် တစ်ဦးလျှင် (၁၁)သိန်းနှုန်းတို့ကို ရွေးချယ်ချီးမြှင့်လျက်ရှိပါတယ်။ အလားတူပဲ ဝိဇ္ဇာထူးချွန်၊ သိပ္ပံထူးချွန်ဆုများကို ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ် တို့မှာ ဘာသာရပ်အလိုက် သတ်မှတ်တဲ့အမှတ်ပြည့်မီသူ ဘာသာရပ်တစ်ခုလျှင် (၅၀)ဦးစီ ရွေးချယ်၍ တစ်ဦးလျှင် တစ်လကျပ်(၁)သိန်းနှုန်းဖြင့် ပညာသင်နှစ်တစ်နှစ် (၁၀)လအတွက် ကျပ်(၁၀)သိန်းကို

လည်းကောင်း၊ စီးပွားရေးပညာထူးချွန်ဆုကို စီးပွားရေးတက္ကသိုလ်(၄)ခုမှာ ထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူ (၂၀)ဦးကို ရွေးချယ်၍ တစ်ဦးလျှင် တစ်လကျပ်(၁)သိန်းနှုန်းဖြင့် ပညာသင်နှစ်တစ်နှစ် (၁၀)လအတွက် ကျပ်(၁၀)သိန်းတို့ကို လည်းကောင်း ချီးမြှင့်လျက်ရှိပါတယ်။

ထိုကဲ့သို့ ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ငွေများကို ပေးနိုင်ရန်အတွက် လိုအပ်တဲ့ အသုံးစရိတ်များကို ပညာရေးဝန်ကြီးဌာနက အဆိုပြုတင်ပြမှုအပေါ်မှာ နိုင်ငံတော်ရဲ့ဘတ်ဂျက်က နှစ်စဉ်ခွဲဝေချထား ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ နှစ်စဉ်ပညာရေး အသုံးစရိတ်များကိုလည်း တိုးမြှင့်ခွင့်ပြု သုံးစွဲပေးလျက် ရှိပါတယ်။

သို့ဖြစ်ရာ နိုင်ငံတော်မှ ကောက်ခံရရှိတဲ့ အခွန်ငွေထဲက အစိတ်အပိုင်းတချို့ကို ခွဲဝေ သတ်မှတ်ပြီးတော့ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အလွန်ဆင်းရဲချို့တဲ့၍ အလွန်ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားများကို ပညာသင်ထူးချွန် ထောက်ပံ့ဆုအဖြစ် ပေးရန် အတွက် သီးခြားစီစဉ်ဆောင်ရွက်ထားမှု လောလောဆယ် မရှိသေးပါကြောင်းနှင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာ ငွေ စီမံခန့်ခွဲမှုစနစ်အရ အခွန်အကောက်မှ ရငွေအားလုံးဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ဝင်ရောက်ရပြီးတော့ ပညာရေးအပါအဝင် အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေများနှင့်အညီ ခွဲဝေသုံးစွဲရခြင်းဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ရဲ့ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၁၃)၊ ပုဒ်မ ၆၂ တွင် ပါရှိသည့်အတိုင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသ ကြီးတို့အတွင်း ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာမှာ အစိုးရအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်း၍ တိုင်ပင်ညှိနှိုင်း ဆွေးနွေးရေးဆွဲရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။

ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာမှာ ဒေသခံပြည်သူများရဲ့ လိုအပ်ချက်များ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ အကြံပြုချက်များကို အခြေခံပြီးတော့ လုပ်ငန်းအလိုက် အကောင်အထည် ဖော်မယ့် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများနဲ့ ဆွေးနွေးညှိနှိုင်းခြင်း၊ ဆောင်ရွက်လိုတဲ့ လုပ်ငန်းများရဲ့ ကုန်ကျစရိတ် တွက်ချက်ခြင်းလုပ်ငန်းများကိုပြုလုပ်ပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးနဲ့ အကောင်အထည် ဖော်ရေးကော်မတီ အစည်းအဝေးများမှာ ထည့်သွင်းတင်ပြဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ ပြုလုပ်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အသုံးပြုရတဲ့ ဌာနဖြစ်လို့ရှိရင် ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့က တစ်ဆင့် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကို တင်ပြရပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ သုံးစွဲတဲ့ ဌာနများဖြစ်လို့ ရှိရင်တော့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသ ကြီး၊ ပြည်နယ်လွှတ်တော်ကို တင်ပြအတည်ပြုရယူပြီး ဆောင်ရွက်ရပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ပတ်ဝန်းကျင်ထိခိုက်မှု မရှိဘဲ လူမှုစီးပွား အမှန်တကယ် အကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုနိုင်ဖို့အတွက်

တိုင်းဒေသကြီး၊ ပြည်နယ် စီမံကိန်းကော်မရှင်များကို နိုင်ငံတော်သမ္မတရုံးရဲ့ ၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၂/၂၀၁၆) နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ထိုကော်မရှင်ရဲ့ လုပ်ငန်းတာဝန်များကို အထောက်အကူ ပြုနိုင်ဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများကိုလည်း နိုင်ငံတော်သမ္မတရုံးရဲ့ ၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၃/၂၀၁၆) နဲ့ ဖွဲ့စည်းထားရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားခြင်း မရှိသော်လည်းဘဲ လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ အသီးသီးက ပုဂ္ဂလိကကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းထားပြီးတော့ ရပ်မိရပ်ဖကိုယ်စားလှယ်(၁)ဦးကိုလည်း အဖွဲ့ဝင်အဖြစ်နဲ့ ထည့်သွင်း ဖွဲ့စည်းထားရှိပါတယ်။ လက်တွေ့လုပ်ငန်းဆောင်ရွက်နေတဲ့ ပြည်သူထဲက ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပါ၍ ပြည်သူ့လိုအပ်ချက်၊ ဒေသလိုအပ်ချက်များကို တင်ပြဆွေးနွေးခြင်းများ အပေါ်မှာ အလေးထားမှုကို ဖော်ပြလျက် ရှိပါ တယ်။

တိုင်းဒေသကြီး၊ ပြည်နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီရဲ့ လုပ်ငန်း တာဝန်ထဲမှာ ခရိုင်နဲ့ မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများမှာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌအဖြစ်ထားရှိပြီး ခရိုင်၊ မြို့နယ် စီမံကိန်းမှူးများကို အတွင်းရေးမှူး အဖြစ် ထားရှိ၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနဲ့ အသင်းအဖွဲ့များက ကိုယ်စားလှယ်များ ပါဝင်ပြီး လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်လို့ သတ်မှတ်ထားပါတယ်။ လက်ရှိ အခြေအနေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းများနဲ့ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုရှိစေရန်နဲ့ ဒီမိုကရေစီ နည်းလမ်းတကျရှိစေရန်၊ ဒေသခံပြည်သူ များရဲ့ ဆွေးနွေးတင်ပြချက်များ ပါဝင်စေနိုင်ဖို့အတွက် ခရိုင်၊ မြို့နယ်အသီးသီးမှာ ခရိုင်၊ မြို့နယ် စီမံ ကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများကိုလည်း အသစ်ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ နှစ်စဉ် ဒေသန္တရစီမံကိန်းများ ရေးဆွဲရာမှာ မြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးညှိနှိုင်းခြင်း၊ မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး အစည်းအဝေးများ ကျင်းပရာမှာ လွှတ်တော်ကိုယ်စားလှယ် ကြီးများကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်းတို့ဖြင့် ဆောင်ရွက်စေမည်ဖြစ်ပါတယ်။ တနင်္သာရီ တိုင်းဒေသကြီးမှာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ အချိန်မီပြီးစီးရေး စစ်ဆေးဆောင်ရွက် နိုင်ဖို့အတွက် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၂)ဦးက အဖွဲ့ဝင်အဖြစ်နဲ့ ပါဝင်ပြီးတော့ စိစစ်ဆောင်ရွက်လျက် ရှိပါတယ်။ စီမံကိန်း ရေးဆွဲတာ၊ ကြီးကြပ်အကောင်အထည်ဖော်တာ၊ စောင့်ကြည့်ကြပ်မတ်ခြင်းတို့ဟာ အစိုးရဌာနအဆင့် ဆင့်တို့က တာဝန်ယူ၊ တာဝန်ခံမှုတို့နဲ့ ဆောင်ရွက်ရမယ့် ကိစ္စရပ်များဖြစ်သောကြောင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများမှာ လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းထားခြင်း မပြုဘဲနဲ့ အစည်းအဝေးကျင်းပချိန်မှာသာ အထူးဖိတ်ကြားသူအဖြစ်ဖြင့် ပါဝင်တက်ရောက်ပြီးတော့

အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်စေဖို့ စီစဉ်ထားရှိခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကိစ္စမှာတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ လွှတ်တော်ကိုယ်စားလှယ်မှ အပ ကျန်လွှတ်တော်ကိုယ်စားလှယ်များဟာ ဌာနဆိုင်ရာများကိုအဖွဲ့ဝင်အဖြစ်နဲ့ ထည့်သွင်းဖွဲ့စည်းပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့မြို့နယ်အတွင်းမှာ အမှန်တကယ်လိုအပ်တဲ့လုပ်ငန်းများကို ရွေးချယ်ပြီးတော့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနဲ့ မိမိမြို့နယ်အတွင်းအမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်သည့်လုပ်ငန်းများကို ဦးစားပေးအဆင့်များ သတ်မှတ်ပြီးတော့ စိစစ်အတည်ပြု ရွေးချယ်ပြီးမှသာ စီမံကိန်းလုပ်ငန်းများကို လျာထားရေးဆွဲလျက် ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၂ မှာ ပြည်သူက ရွေးချယ်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ မိမိကိုရွေးချယ် ပေးတဲ့မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီးတော့ ဂုဏ်ထူးဝိသေသနဲ့ပြည့်စုံတဲ့ လူအများကလေးစားထိုက်တဲ့ ပုဂ္ဂိုလ်များဖြစ်သည့်အလျောက်သက်ဆိုင်ရာမဲဆန္ဒနယ်မှာ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေး ကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်သူများရဲ့သဘောထားဆန္ဒ ဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်ဟု ပါရှိပါတယ်။

အထက်ပါ ပြဋ္ဌာန်းချက်နဲ့အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့ရဲ့ မဲဆန္ဒနယ်မြေရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်စေဘဲ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းကလည်း သက်ဆိုင်ရာမဲဆန္ဒနယ်မြေရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ရဲ့သဘောထားနဲ့ အကြံဉာဏ်များကိုရယူပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းဖြင့် ပြည်သူများအမှန်တကယ် အကျိုးရှိစေမယ့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဟု သုံးသပ်ရရှိပါတယ်။

သို့ဖြစ်ပါ၍ ယခုလက်ရှိ ဖွဲ့စည်းထားရှိပြီးဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူကို ဗဟိုပြု၍ ပြည်သူနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စီမံကိန်းကော်မတီ အစည်းအဝေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို အထူးဖိတ်ကြား၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးအကြံပြုချက်များ၊ ပူးပေါင်းကူညီမှုများကို ရယူဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်း၍ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသည့် တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ဆွေးနွေး မှာကတော့ ၂၀၁၇ ခုနှစ်၊ တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ အကြောင်းအရာများ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂ မှာ ကျွန်တော် အသစ် ဖြည့်စွက်ထား ပါတယ်။ တာတမံ၏ နယ်နိမိတ် ဆိုသည်မှာ ဦးစီးဌာနမှ အခါအားလျော်စွာ လိုအပ်ချက်များနှင့်အညီ သတ်မှတ်ထားသော နေရာအကျယ်အဝန်းကို ဆိုတယ်လို့ ကျွန်တော် ဖြည့်ထားပါတယ်။ အကြောင်း အရင်းကတော့ အခန်း(၆) တားမြစ်ချက်များရဲ့ အပိုဒ် ၂၂ မှာ မည်သူမျှ တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏ နယ်နိမိတ်အတွင်းတွင်လည်းကောင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမွေးမြူ ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စက်ယန္တရားများ ထားရှိခြင်းနှင့် အသုံးပြုခြင်းများ မပြု လုပ်ရ ဆိုထားတဲ့အတွက် ပြည်သူများဟာ ကန့်သတ်တဲ့နေရာကို သိရှိထားခြင်းအားဖြင့် အမှတ်မထင် ကျူးလွန်ခြင်းမှ ကာကွယ်နိုင်ပါလိမ့်မယ်။ ဌာနဆိုင်ရာများလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနမှ နယ်နိမိတ် သတ်မှတ်ချက်ကို သတိပေးဆိုင်းဘုတ်များနှင့် ပြသထားသင့်ပါတယ်။

အခန်း(၁)၊ အပိုဒ် ၂(ဈ)မှာ ကျွန်တော် ပြည်သူ့လွှတ်တော်က အဆိုပြု ပြင်ဆင်ထားပါတယ်။ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆိုသည်မှာ တာတမံ၏ ကြံ့ခိုင်မှုစွမ်းအား ရှိနေ စေရန်အတွက် လိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသောလုပ်ငန်းကို ဆိုတယ်လို့ ပြင်ထားပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းကတော့ တာတမံ မကျိုးပေါက်စေရန်နှင့် တာပုံစံတကျရှိစေ ရန် ဆိုတာဟာ ဒါဟာ ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပြောပါတယ်။ အဲဒါကြောင့်မို့လို့ ဒါ ကျွန်တော်တို့ Maintainace ဆိုတဲ့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဖြစ်ပါတယ်။ တာတမံ

ကြံ့ခိုင်ရည် စွမ်းအားရှိဖို့အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်တယ်လို့ ဆိုလိုခြင်းဖြစ်ပါ တယ်၊ ဒါကြောင့်မို့လို့ ဒီအပိုဒ်ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

အခန်း(၁)၊ အပိုဒ် ၂(ည)မှာတော့ ပန်းတာ ဆိုသည်မှာ ပင်လယ်ရေငန် တားရန်အတွက် ဖြစ်စေ၊ ရေဘေးအန္တရာယ် ကာကွယ်ရန်အတွက်ဖြစ်စေ၊ လက်ရှိတာတမံ၏ နောက်ဘက်တွင် အသစ်ထပ်မံအားဖြည့် တည်ဆောက်ထားတဲ့ တာတမံကို ဆိုလိုတယ်လို့ဆိုပြီးတော့ ကျွန်တော် ပြင်ထားပါတယ်။ ဒီလို ပြင်ထားရတဲ့အကြောင်းကလည်း မူလပြဋ္ဌာန်းချက်က ပင်လယ်ရေငန်တားတာ သို့မဟုတ် ရေဘေးကာကွယ်ရေးတာတွေဟာ ရေကြီး၊ ရေလျှံ၊ ရေတိုက်စားမှုကြောင့် တာကျိုးပေါက်မယ့် စိုးရိမ်ရတဲ့ အခြေအနေရှိပါက ဆိုတဲ့စာသားဟာ ပွယောင်းနေပြီးတော့ အချုပ်အားဖြင့် ရေဘေးအန္တရာယ်ကို ပြောနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မလိုအပ်ဘဲနဲ့ ဝိဂြိုလ်ပြုခြင်း၊ အထူးပြုခြင်း ဆိုတာကို ကျွန်တော် မပြုလုပ်စေချင်ပါဘူး။ ဒီလိုလုပ်ခြင်းအားဖြင့် Spirit of Law ခေါ်တဲ့ ဥပဒေရဲ့အနက် အဓိပ္ပာယ်သဘော မှေးမှိန်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မှေးမှိန်မသွားအောင် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်ခင်ဗျား။

အခန်း(၄)၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများမှာ ကျွန်တော်က ရေဘေးအန္တရာယ် ကျရောက်နိုင်သော ဒေသရှိ ပြည်သူများကို ကြိုတင်အသိပေးခြင်းမှာ ပါဝင်ပူးပေါင်း ဆောင်ရွက်စေရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်းနဲ့ အရေးပေါ်အစီအမံများ ဆောင်ရွက်ထားခြင်း ဆိုတဲ့အပိုဒ်မှာ ကျွန်တော်က High Light နဲ့ပြထားပါတယ်။ ဘာဖြစ်လို့ ဒီလိုဖြည့်စွက်ပြင်ဆင်ထားရသလဲ ဆိုလို့ရှိရင် ဥပမာပြောရရင် ကျွန်တော်တို့ ဟင်္သာတခရိုင်၊ ကျွန်တော့်ရဲ့မြို့နယ် (၃)မြို့နယ် ကြံခင်း၊ ကြံခင်းတာ၊ မြန်အောင်တာ၊ (အင်္ဂပူ)ထန်းတပင်ကုန်းတာ၊ (ကွင်းကောက်) ကျွဲသောင်တာ၊ မမြချောင်း၊ တောင်ဘက်၊ မြောက်ဘက် တာ၊ အမြိုင် ကြမ်းပြင်တာ၊ ငဝန်တာ၊ ဧရာဝတီ ဟင်္သာတတာ၊ ဧရာဝတီ အရှေ့ဘက်ခြမ်း တာ စတဲ့ တာ (၁၀)ခုဟာ (၂၀၃)မိုင် ရှည်လျားပါတယ်။ မိုးတွင်းအခါ ရေကြီးတဲ့အခါမှာ တာတမံ အန္တရာယ်ကို စောင့်ကြည့်ထိန်သိမ်းတဲ့ ရေကင်း(၄၈)ခု အနည်းဆုံးသူတို့ထားပါတယ်။ တစ်ခုနဲ့တစ်ခုက (၄)မိုင်လောက် ကွာခြားပါတယ်။ ဒီမှာ လူ(၄၊ ၅)ယောက် ဌာနဆိုင်ရာလူတွေ ရှိတဲ့အခါမှာ ပြည်သူတွေလည်း ဝင်ရောက်ပြီးတော့ ပူးပေါင်းစောင့်ပေးရပါတယ်။

ဒါကြောင့်မို့လို့ ကြိုတင်ပြီးတော့ ပြည်သူတွေနဲ့ စည်းရုံးထားမယ်ဆိုရင် ပြည်သူတွေဟာ ငါတို့ပိုင်တဲ့ နေရာ၊ ငါတို့လည်း ပါဝင်ပတ်သက်နေတာ အသိစိတ်ဓာတ် ရဖို့အတွက် Stateholder and Ownership ရဖို့အတွက် ကျွန်တော်တို့ဟာ ကြိုတင်ပြီးတော့ လှုံ့ဆော်ထားခြင်း၊ စည်းရုံးထားခြင်း လုပ်သင့်တယ်ဆိုတဲ့ အတွက် ဒီအပိုဒ်ကို ဖြည့်ဆည်းထားခြင်း ဖြစ်ပါတယ်။

အခန်း(၆) တားမြစ်ချက်များမှာတော့ တားမြစ်ချက်ကတော့ မူလက ပြည်သူ့လွှတ်တော်က မည်သူမျှ တာတမံ ခိုင်ခံ့မှုကိုဖြစ်စေ၊ တာတမံ အထောက်အကူပြုသည့် အဆောက်အအုံများကိုဖြစ်စေ ပျက်စီးစေရန် ဆောင်ရွက်ခြင်း မပြုရ ဆိုတဲ့အပိုဒ်မှာ တားမြစ်ချက်ဖြစ်တဲ့အတွက် ကျွန်တော်က ဆောင်ရွက်ခြင်း မပြုရ ဆိုတဲ့ အသုံးအနှုန်းက Letter of Law မှာ မဆီလျော် ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒီအပိုဒ်မှာ မပြုလုပ်ရလို့ ပြင်ဆင်ထားပါတယ်။

အခန်း(၆)၊ အပိုဒ် ၂၂ ဟာ တော်တော်အရေးကြီးတဲ့ ပုဒ်မ ဖြစ်ပါတယ်။ ဒီပေါ်မှာ သူက မူလ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းချက်မှာ မည်သူမျှ တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏ နယ်နိမိတ်တွင်သော်လည်းကောင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ စိုက်ပျိုးမွေးမြူခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်းနဲ့ စက်ယန္တရားတစ်ခုခု ထားရှိအသုံးပြုခြင်း မပြုလုပ်ရလို့ ဆိုတဲ့အခါမှာ ကျွန်တော်က အရေးပေါ်လုပ်ငန်းအတွက် ခွင့်ပြုချက် မရှိဘဲ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း ဆိုတဲ့ အပိုဒ်ကလေး ထည့်ထားပါတယ်။ ဒါ ဘာပြုလို့ ဖြည့်စွက်ထားလဲဆိုတော့ ဒီအပိုဒ်က အဓိကတားမြစ်ချက်ဖြစ်နေလို့ ခြွင်းချက်တော့ မရှိသင့်ပါဘူး။

သို့သော်လည်း အခန်း(၁)မှာ အရေးပေါ်လုပ်ငန်းရဲ့ အဓိပ္ပာယ်ပြထားသလို အရေးပေါ်လုပ်ငန်းအတွက် ခွင့်ပြုချက်မရှိဘဲ ဆိုတဲ့စကား စာသားလေးကို ကျွန်တော် ထားရတဲ့အကြောင်းက ကျွန်တော်တို့ ဧရာဝတီမှာ နှစ်စဉ်၊ နှစ်တိုင်း ရေကြီးတဲ့အခါ မလွဲမရှောင်သာဘဲနဲ့ ရေကြီးရေလျှံတဲ့အခါမှာ ရေလွတ်ရာ ဒီတာလေးပေါ်ကို ကျွန်တော်တို့ ထောင်ပေါင်းများစွာသော ပြည်သူတွေ၊ ကျွဲနွားတိရစ္ဆာန်တွေ ဒီတာပေါ်ပဲ အသက်လုပြီးပြေးရပါတယ်။ တကယ်လို့သာ ဒီအပိုဒ်မှာ ခုန ကျွန်တော်ပြောတဲ့ စာပိုဒ်ကလေး ထည့်မထားဘူးဆိုရင် ဒီဥပဒေနဲ့ ငြိစွန်းနေပါတယ်။ အဲဒီလို ငြိစွန်းခဲ့လို့ရှိရင်တော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဌာနဆိုင်ရာတွေရော၊ ပြည်သူတွေနဲ့ဟာ ပဋိပက္ခ ကြီးကြီးမားမား ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ကျွန်တော် အနည်းငယ် ပြင်ထားပါတယ်။

နောက်ဆုံးအနေနဲ့ အခန်း(၇) ပြစ်မှုနှင့် ပြစ်ဒဏ်များကို ကျွန်တော် ဆွေးနွေးပါမယ်။ အဲဒီမှာ ကျွန်တော် အပိုဒ် ၂၈ ဟာ မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နဲ့ ၂၇ တို့ကို တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၆) လမှ အများဆုံးထောင်ဒဏ်(၂)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ ပြင်းထန်စွာ ဒီမှာ ဒီဥပဒေမှာ ဆိုထားပါတယ်။ တကယ်တော့ ကျွန်တော်တို့က မရည်ရွယ်ဘဲနဲ့ စောစောက ရေကြီး၊ ရေလျှံတာ ဖြစ်ခဲ့ရင် အထက်ပါအပိုဒ် မပြင်ဘဲနဲ့ဆိုရင် အနည်းဆုံး ထောင်ဒဏ်(၆)လ မဖြစ်မနေ ကျမယ့်သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နဲ့ ၂၇ တို့ကို တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၆)လမှ အများဆုံးထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ကျွန်တော် ထောင်ဒဏ်(၁) နှစ် လျှော့ထားပါတယ်။ ကျပ်(၂)သိန်းထိဖြစ်စေ၊ ငွေ(၁)သိန်း ထပ်တိုးထားပါတယ်။ ချမှတ်နိုင်တယ်ဆိုပြီးတော့ ကျွန်တော်က ရွေးထားပါတယ်။

ဘာဖြစ်လို့ ဒီလိုရွေးထားရလဲဆိုရင် လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ကာကွယ်ပေးတဲ့ဥပဒေကို ရေးဆွဲနေသူတွေ ဖြစ်ပါတယ်။ ဒီအပိုဒ်ဟာ ပြည်သူတွေ ကြောက်လန့်ရုံမျှ ရည်ရွယ်စေချင်ပါတယ်။ နစ်နာစေခြင်း၊ နာကျည်းစေခြင်း မဖြစ်စေလိုပါဘူး။ မူလဖော်ပြချက်အတိုင်း ဆိုလို့ရှိရင် ကျွန်တော်တို့ အနည်းဆုံး ထောင်ဒဏ်(၆)လကျမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့လူမှုနယ်ပယ်မှာ ထောင်ထွက်ဆိုတဲ့ နာမည်ပျက်ခြင်းဟာ ဒါ မလိုလားအပ်တဲ့အရာ ဖြစ်ပါတယ်။ လူ စိတ်ခံစားမှုကိုလည်း

ဖြစ်စေပါတယ်။ မိသားစုများလည်း ကျွန်တော်တို့ စိတ်ဆင်းရဲမှုများ ဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ ဆင်ခြင်တုံတရား လက်ကိုင်ထားနိုင်ဖို့အတွက် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၆)လမှ အများဆုံး ထောင်ဒဏ်(၁)နှစ် အထိဖြစ်စေ၊ ကျပ်နှစ်သိန်းနှင့် ငွေဒဏ်ဖြစ်စေလို့ ကျွန်တော်က တစ်ခုခု ရွေးနိုင်ဖို့အတွက် ဆင်ခြင်တုံတရားအတွက် ဒါ ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်အောင်မြို့နယ်မှာ ဆိုလို့ရှိရင် မြန်အောင်မြို့နယ်တစ်ခုကို ဥပမာပြရရင် မိုင်(၂၀)အတွင်းမှာ ကျေးရွာတွေက (၂၀) လောက် ရှိတယ်။ အထက်ဖော်ပြ ဒီတာတမံတွေ ဖြတ်သွားတဲ့နေရာတွေမှာ အိမ်ခြေက(၁၀၀၀)လောက် ရှိပါတယ်။ ဈေးဆိုင်တွေကလည်း (၂၀၀)ကျော် ရှိပါတယ်။ ဒီ မြောက်မြားစွာတဲ့ဆိုင်တွေက တကယ်လို့ ဒီဥပဒေနဲ့ငြိစွန်းခဲ့မယ်ဆိုရင် အထက်ပါအတိုင်း မပြုပြင်ခဲ့ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူတွေဟာ ဒီဥပဒေနဲ့ငြိစွန်းရင် ဒုက္ခရောက်ကြပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ခြင်းအားဖြင့် ကျွန်တော်တို့ ပြည်သူက တင်မြှောက်တဲ့အစိုးရကို ပြည်သူတွေက ချစ်ခင်၊ ကြည်ညိုလေးစားပြီး ပြည်သူနဲ့အတူ နိုင်ငံတိုးတက်အောင် ထူထောင်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီ အချိန်တွင် ရပ်နားပါသည်။]